# ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်တစ်ရပ်ကို ကာဇက်စတန်နှင့် ဗြိတိန်လက်မှတ်ရေးထိုး



**လန်ဒန်၊ ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှု**

ကာဇက်စတန်နှင့် ဗြိတိန်နိုင်ငံတို့ကြား ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း ကာဇက်စတန်အစိုးရဝက်ဘ်ဆိုက်၌ ဇွန်လ ၆ ရက်တွင် ဖော်ပြသည်။

အဆိုပါပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့သို့ ကာဇက်စတန်ကာကွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်အဖွဲ့က တရားဝင် အလည်အပတ်ရောက်ရှိနေစဉ် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ အဆိုပါကိုယ်စားလှယ်အဖွဲ့အား ကာဇက်စတန်ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီး ယာဘိုလာကူမာဘေကူလီက ဦးဆောင်ခဲ့ကြောင်းသိရသည်။

အဆိုပါခရီးစဉ်တွင် ကာဇက်စတန်နှင့် ဗြိတိန်နိုင်ငံမှ တာဝန်ရှိသူများက လက်ရှိလုပ်ဆောင်နေသည့် ပူးပေါင်းဆောင်ရွက်မှုများ၊ ဖြစ်ပေါ်လာနိုင်သည့် အလားအလာများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုကို အဓိကအားဖြင့် ငြိမ်းချမ်းမှုထိန်းသိမ်းရေး၊ ဘာသာစကားသင်ယူမှုများ၊ ကာဇက်စတန်တပ်မတော်မှ တပ်ဖွဲ့ဝင်များအား ဗြိတိန်နိုင်ငံရှိ အဆင့်မြင့်ပညာရေးအဖွဲ့အစည်းများ၌ လေ့ကျင့်သင်ကြားပေးရေး စသည့်ကဏ္ဍများတွင် လုပ်ဆောင်မည်ဖြစ်ကြောင်းသိရသည်။

တစ်နှစ်သက်တမ်းရှိ အဆိုပါပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ နှစ်နိုင်ငံစလုံးအနေဖြင့် ကာကွယ်ရေးတွင်လည်း လက်တွေ့ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

Ref: Ivz

# နိုင်ငံ၏အချုပ်အခြာအာဏာပိုင်ဆိုင်မှုကိုကာကွယ်ရန် အစိုးရနှင့် တပ်မတော်တို့က အတူတကွရပ်တည်လျက်ရှိဟု ထိုင်းဝန်ကြီးချုပ်ပြော



**ဘန်ကောက်၊ နယ်စပ်အငြင်းပွားမှု**

နိုင်ငံ၏အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ကာကွယ်ရန်အတွက် ထိုင်းအစိုးရနှင့် တပ်မတော်တို့က အတူတကွရပ်တည်လျက်ရှိကြောင်း ထိုင်းဝန်ကြီးချုပ် ပေထုံတန်ရှင်နာဝပ်ထရာက ဇွန်လ ၆ ရက်တွင် ပြောကြားခဲ့ကြောင်းသိရသည်။

ထိုင်းနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့်ဆက်ဆံရေးကို ထိန်းသိမ်းနေစဉ် နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ကာကွယ်သွားမည်ဖြစ်ကြောင်း ပေထုံတန်က အိမ်နီးချင်း ကမ္ဘောဒီးယားနိုင်ငံနှင့် ဖြစ်ပွားသည့်နယ်စပ်အရေးနှင့်စပ်လျဉ်း၍ ကျင်းပသည့်ဆွေးနွေးပွဲ ပြီးဆုံးပြီးနောက် ပြောကြားခြင်းဖြစ်သည်။

ထိုင်းနှင့်ကမ္ဘောဒီးယားနယ်စပ်၌ ထပ်မံဖြစ်ပေါ်လာနိုင်သည့်အခြေအနေများအတွက် ကြိုတင်ပြင်ဆင်မှုများလုပ်ဆောင်ရန်နှင့် စပ်လျဉ်း၍ ယခုကျင်းပသည့်ဆွေးနွေးပွဲတွင် ထိုင်းအစိုးရက အဓိကထားဆွေးနွေးခဲ့ကြောင်းသိရသည်။

ထို့ပြင် နယ်စပ်အငြင်းပွားမှုတွင် ပါဝင်သည့် အဖွဲ့အစည်းများအနေဖြင့် ထပ်မံလုပ်ဆောင်မည့်အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ခြင်းမပြုမီ ဆွေးနွေးရမည်ဖြစ်ကြောင်း ပေထုံတန်က ဆက်လက်ပြောကြားသည်။

လက်ရှိတွင် ထိုင်းတပ်မတော်အနေဖြင့် ဖြစ်ပေါ်လာနိုင်သည့် မည်သည့်အခြေအနေမျိုးအတွက်မဆို ကြိုတင်အသင့်ပြင်ဆင်ထားသော်လည်း အငြင်းပွားမှုကို တတ်နိုင်သမျှ ငြိမ်းချမ်းသည့်နည်းလမ်းဖြင့် ဖြေရှင်းရန် ဝန်ကြီးချုပ် ပေထုံတန်က ပြောကြားထားကြောင်း ထိုင်းတပ်မတော်က ထုတ်ပြန်ထားသည်။

ယခုနှစ် မေလ ၂၈ ရက်တွင် ထိုင်းနှင့် ကမ္ဘောဒီးယားတပ်မတော်များကြား လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့ပြီးနောက် ထွက်ပေါ်လာသည့်တင်းမာမှုများ လျော့ကျစေရန်အတွက် နှစ်နိုင်ငံကြား တွေ့ဆုံဆွေးနွေးပွဲကို ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ဇွန်လ ၁၄ ရက်တွင် ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

Ref: Tp

## သတင်းတိုကဏ္ဍ

# ဘန်ဂါလူရူမြို့၌ဖြစ်ပွားခဲ့သည့် လူအုပ်ပြိုကျမှုနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများဟုယူဆရသည့် လူလေးဦးကိုဖမ်းဆီး

အိန္ဒိယနိုင်ငံ ဘန်ဂါလူရူမြို့၌ဖြစ်ပွားခဲ့သည့် လူအုပ်ပြိုကျမှုနှင့်စပ်လျဉ်း၍ ရဲတပ်ဖွဲ့က တာဝန်ရှိသူများဟုယူဆရသည့် လူလေးဦးကို ဖမ်းဆီးခဲ့ကြောင်း ဒေသတွင်းမီဒီယာများက ဇွန်လ ၆ ရက်တွင်ဖော်ပြသည်။

အဆိုပါလူအုပ်ပြိုကျမှုသည် ဘန်ဂါလူရူမြို့၌ ဇွန်လ ၄ရက်က ဖြစ်ပွားခြင်းဖြစ်ပြီး ယင်းဖြစ်စဉ်တွင် လူ ၁၁ ဦးသေဆုံးကာ ၅၀ ကျော်ဒဏ်ရာရရှိသွားသည်။ ဖမ်းဆီးခံရသူများအနက်တွင် Royal Challengers Bengaluru ခရစ်ကက်အသင်းမှ အမှုဆောင်အရာရှိတစ်ဦးလည်းပါဝင်ကြောင်းသိရသည်။ သေဆုံးသူအများစုမှာ အသက်ငယ်ရွယ်သည့် ခရစ်ကက်ဝါသနာရှင်များဖြစ်သည်။

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများကို အရေးယူရန် ကာနာတာကာ ပြည်နယ်ဝန်ကြီးချုပ်က ညွှန်ကြားပြီးနောက်ပိုင်းတွင် ဖမ်းဆီးမှုလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

Ref: ST

# တောင်အာဖရိကနိုင်ငံရှိ အငှားယာဉ်ဂိတ် တစ်ခုတွင် ပစ်ခတ်မှုဖြစ်ပွား၊ လေးဦးသေဆုံး

တောင်အာဖရိကနိုင်ငံ ကိတ်တောင်းမြို့၌ ဇွန်လ ၆ ရက် နံနက်ပိုင်းတွင် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားရာ လူလေးဦးသေဆုံးပြီး အခြားသုံးဦးဒဏ်ရာရရှိသွားကြောင်း သိရသည်။

အဆိုပါပစ်ခတ်မှုသည် မြို့လယ်ကောင်မှ အရှေ့ဘက် ၃၀ ကီလိုမီတာအကွာရှိ အငှားယာဉ်ဂိတ်တွင် ဒေသစံတော်ချိန် နံနက် ၆ နာရီခန့်က အငှားယာဉ်ကိစ္စရပ်နှင့်ဆက်နွှယ်၍ ဖြစ်ပွားခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့မှပြောရေးဆိုခွင့်ရှိသူတစ်ဦးကပြောသည်။

ပစ်ခတ်မှုအတွင်း သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိသူများအနက် တစ်ဦးမှာ လမ်းသွားလမ်းလာတစ်ဦးဖြစ်ကြောင်းသိရသည်။

Ref: Xinhua

# ဂွါတီမာလာနိုင်ငံ၌ မီးတောင်ပေါက်ကွဲ လူ ၇၀၀ ကျော်ကို ရွှေ့ပြောင်းပေးခဲ့ရ

ဂွါတီမာလာနိုင်ငံ၌ ဇွန်လ ၆ ရက်တွင် မီးတောင်ပေါက်ကွဲမှုကြောင့် ပြည်သူ ၇၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်းသိရသည်။

ဖူဂိုအမည်ရှိ အဆိုပါမီးတောင်သည် နိုင်ငံအလယ်ပိုင်း အန်တီဂွါ ဂွါတီမာလာမြို့မှ ၁၁ မိုင် (၁၈ ကီလိုမီတာ) အကွာတွင် တည်ရှိပြီး မီးတောင်မှ ပြာမှုန်များကို အမြင့်မိုင်ပေါင်းများစွာအထိ မှုတ်ထုတ်လျက်ရှိကြောင်း မြေငလျင်အေဂျင်စီကထုတ်ပြန်သည်။

ထို့ကြောင့် အာဏာပိုင်အဖွဲ့က မီးတောင်အနီးရှိဒေသသုံးခုမှ ဒေသခံများကို ဘေးလွတ်ရာ ယာယီခိုနားစင်တာများသို့ ပို့ဆောင်ပေးခဲ့ရခြင်းဖြစ်ကြောင်းသိရသည်။

ဖူဂိုမီးတောင်သည် ၂၀၁၈ ခုနှစ်အတွင်းက ပေါက်ကွဲမှုဖြစ်ပွားရာ အနည်းဆုံး လူ ၂၀၀ ကျော်သေဆုံးခဲ့ကြောင်းသိရသည်။

Ref: ST

# ယူကရိန်းပဋိပက္ခအတွင်းမှ တတ်နိုင်သမျှ စောစီးစွာထွက်ခွာရမည်ဟု အမေရိကန်အား အမျိုးသားလုံခြုံရေးကောင်စီအကြီးအကဲဟောင်းပြော

**ဝါရှင်တန်၊ စစ်ရေး**

အမေရိကန်ပြည်ထောင်စုအနေဖြင့် ယူကရိန်းပဋိပက္ခအတွင်းမှ တတ်နိုင်သမျှ စောစီးစွာ ထွက်ခွာရမည်ဖြစ်ကြောင်း အိမ်ဖြူတော်မှအမျိုးသားလုံခြုံရေးကောင်စီအကြီးအကဲဟောင်းတစ်ဦးက ပြောသည်။

အမေရိကန်အစိုးရသည် ယူကရိန်းနိုင်ငံအား အကန့်အသတ်မရှိ ထောက်ပံ့ပေးနိုင်ခြင်းမရှိကြောင်း သို့မဟုတ် ပဋိပက္ခ၏တစ်စိတ်တစ်ဒေသအဖြစ် ပါဝင်နိုင်ခြင်းမရှိကြောင်းကို နားလည်သင့်ကြောင်း၊ ထို့ကြောင့် အဆိုပါပဋိပက္ခမှ တတ်နိုင်သမျှ မြန်မြန်ထွက်ခွာရမည်ဖြစ်ကြောင်း အိမ်ဖြူတော်မှ အမျိုးသားလုံခြုံရေးကောင်စီအကြီးအကဲဟောင်း အလက်ဇန္ဒားဂရေးက ဇွန်လ ၅ရက်တွင် ပြောကြားသည်။

ထို့ပြင် ဒေါ်နယ်ထရမ့်အစိုးရအနေဖြင့် ယူကရိန်းပဋိပက္ခနှင့်စပ်လျဉ်း၍ ခက်ခဲသည့် ပြောင်းလဲမှုများကို လုပ်ဆောင်ရမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

အမေရိကန်အစိုးရအနေဖြင့် ယူကရိန်းပဋိပက္ခနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း သဘောတူညီမှုတစ်ရပ်ချမှတ်နိုင်ခြင်းမရှိပါက ရုရှားဆန့်ကျင်ရေးပိတ်ဆို့မှုများကို ပိုမိုတင်းကျပ်မည်ဖြစ်ကြောင်း ထရမ့်က အစောပိုင်းတွင် ပြောကြားထားသည်။ ယူကရိန်းပဋိပက္ခနှင့်စပ်လျဉ်း၍ သဘောတူညီချက်တစ်ရပ်ချမှတ်ရမည့်အချိန်ကာလကို ထရမ့်ကပင် သတ်မှတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Ref: Ivz

# တို့တစ်တွေခေတ်မှာ အသွင်သစ် အမြင်သစ်ဖြင့်....

အာကာမောင်မောင်

**လူငယ်ဆိုသည်မှာစိတ်ဓာတ်တက်ကြွနေသည့်အရွယ်ဖြစ်ပြီး အရာရာကိုအောင်မြင်အောင်ကြိုးစားလိုစိတ်ရှိသူများဖြစ်သည်။ အထူးသဖြင့် ယှဉ်ပြိုင်လိုစိတ်ကြီးမားသူများဖြစ်သည်။ မိမိနှင့်သက်တူရွယ်တူ သူငယ်ချင်းတစ်ဦး တတ်မြောက်သည့်ပညာ၊ လုပ်ကိုင်နိုင်သည့်စွမ်းရည်ရှိနေလျှင် “ငါလည်း သူ့လိုဘာဖြစ်လို့မလုပ်နိုင်ရမှာလဲ” ဟူသောစိတ်ဓာတ်ရှိသူများဖြစ်သည်။ ထို့ကြောင့် မိမိပတ်ဝန်းကျင်မှလူငယ်များ ပြည်သူ့စစ်မှုထမ်းသင်တန်းကိုအောင်မြင်စွာတက်ရောက်ပြီးမြောက်လျှင် မိမိကရောဘာကြောင့် မတက်ရောက်နိုင်ရမှာလဲဟူသော အားမာန်ပြည့်ဝသည့်စိတ်ကိုမွေးမြူရမည်ဖြစ်သည်။ အထူးသဖြင့် ပြည်သူ့စစ်မှုထမ်းသင်တန်းများတက်ရောက်ရန် သင်တန်းများဖွင့်လှစ်ခြင်း၊ သင်တန်းများပြီးမြောက်ခြင်းအခမ်းအနားများတွင် သူတို့ပြောကြားသည့်ရင်တွင်းစကားသံများကို သတင်းမီဒီယာများတွင် ကြားမြင်ဖတ်ရှုကြရသည်မှာ လွန်စွာအားရဖွယ်ကောင်းလှသည်။**

လူသားတို့အနေဖြင့် အသက်ရှင်သန်နေသမျှကာလပတ်လုံး မိမိတို့၏လူနေမှုဘဝအတွက် ပညာသင်ကြားခြင်း၊ စီးပွားရှာဖွေခြင်းမှသည် တတိယအရွယ်တွင် တရားဘာဝနာပွားများခြင်းတို့ကိုဆောင်ရွက်နေကြရမည်ဖြစ်သည်။ လူ့ဘဝသည် ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်ဟူ၍ အရွယ်သုံးပါးပိုင်းခြားထားရှိသည်။ ပထမအရွယ်သည် ကိုယ်လက်လှုပ်ရှားမှုလျင်မြန်ဖျတ်လတ်ပြီး တက်ကြွနေသည့်အရွယ်ဖြစ်သည်။ ထိုအရွယ်သို့ရောက်နေသူတိုင်းသည် ဒုတိယအရွယ်နှင့်တတိယအရွယ်သို့ ရောက်ရှိနေသူများအတွက် ကူညီထောက်မပေးကြရမည်မှာ လောကဓမ္မတာဖြစ်သည်။ ထို့ကြောင့် ပထမအရွယ်တွင် နိုင်ငံတော်အတွက် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရမည်ဟူသောစိတ်ဓာတ်ကို နှလုံးသွင်းထားကြရမည်ဖြစ်သည်။

နိုင်ငံတိုင်းတွင်အရေးကြီးစွာလုပ်ဆောင်နေကြရသည့်တာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ပေးနိုင်ကြမှသာ အထက်တွင်ဖော်ပြခဲ့သည့် ဒုတိယအရွယ်နှင့်တတိယအရွယ်ရှိပြည်သူများစိတ်အေးချမ်းသာစွာနေထိုင်နိုင်ကြမည်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးဆိုသည်မှာ နိုင်ငံအတွင်းမှီတင်းနေထိုင်သူတိုင်း၏ မွေးရာပါတာဝန်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် တပ်မတော်တစ်ရပ်၏အဓိကတာဝန်ဖြစ်သော်လည်း ထိုတာဝန်များအောင်မြင်စွာဖြစ်ပေါ်နေစေရေးအတွက် အရွယ်ရောက်သူနိုင်ငံသားတိုင်းက စစ်မှုထမ်းဆောင်ခြင်းဖြင့် ပါဝင်ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် သူ့ကျွန်အဖြစ်နေခဲ့ရစဉ်ကာလတစ်လျှောက်လုံး နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို အုပ်ချုပ်သူကိုလိုနီတို့က တာဝန်ယူထားခဲ့သည်။ နိုင်ငံအတွက်အရေးကြီးဆုံးဖြစ်သည့်ကာကွယ်ရေးတာဝန်ကို မြန်မာတို့အားလွှဲအပ်ပေးမထားခြင်းမှာ သူတို့အုပ်ချုပ်နေသည့် အခွင့်အရေးဆုံးရှုံးသွားမည်ကို စိုးရိမ်၍ဖြစ်သည်။ ထို့ကြောင့် သခင်အောင်ဆန်းဦးဆောင်သောမြန်မာလူငယ်၃၀ဦးတို့သည် ကိုယ်ပိုင်တပ်မတော်တစ်ရပ်ဖြစ်ပေါ်ရေးအတွက် သက်စွန့်ဆံဖျားပြည်ပသို့ထွက်ခွာကာ စစ်ပညာများသင်ယူကြရသည်။ စစ်ပညာများသင်ယူတတ်မြောက်ပြီးသည့်အခါ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ဦးဆောင်ဖွဲ့စည်းခဲ့ကြသည်။ မြန်မာတို့တွင် တပ်မတော်တစ်ရပ်ပေါ်ထွန်းလာသည့်အတွက် မြန်မာ့လွတ်လပ်ရေးလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းကာ တိုက်ပွဲဝင်ခြင်း၊ အချေအတင်တောင်းဆိုမှုများပြုခြင်း စသည့်အကြမ်းနည်း၊ အနုနည်းတို့ဖြင့် လွတ်လပ်ရေးရရှိအောင်ဆောင်ရွက်နိုင်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းအား တပ်မတော်ကိုဦးဆောင်ပါဝင်ဖွဲ့စည်းတည်ထောင်ခဲ့သူ တပ်မတော်၏ ဖခင်အဖြစ်အသိအမှတ်ပြုထားသည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလအတွင်း အစိုးရအဖွဲ့သို့မဝင်ရောက်မီအချိန်အထိ ဗိုလ်ချုပ်အောင်ဆန်းသည်တပ်မတော်၏ခေါင်းဆောင်ဖြစ်ခဲ့သည်။ တပ်မတော်နှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမကြီး၌ကျင်းပသော ပြည်သူ့အစည်းအဝေးကြီးတွင် ပြောကြားသည့်မိန့်ခွန်းတွင် **“ဒီမြန်မာပြည်ကို ကျုပ်တို့ လွတ်လပ်ရေးရတဲ့အခါမှာ ကျုပ်တို့မြန်မာတွေကသာလျှင် မြန်မာပြည်ကိုကာကွယ်ရမယ့်တာဝန်ဟာ အဓိကဖြစ်တယ်။ တိုင်းပြည်ကာကွယ်ဖို့အတွက် မြန်မာပြည်မှာစစ်သားတွေနည်းနေတယ်ဆိုလို့ရှိရင် မြန်မာတိုင်း၊ မြန်မာတိုင်း အရွယ်ရောက်သူမှန်သမျှ၊ ကျန်းမာတဲ့လူမှန်သမျှ စစ်မှုမထမ်းမနေရဆိုပြီးတော့ အတင်းဥပဒေနဲ့ စစ်ထဲကိုထည့်ရလိမ့်မယ်။ နှစ်နှစ်တန်သည် သုံးနှစ်တန်သည် စစ်ထဲဝင်ရမယ် ”** ဟူ၍ ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် လွတ်လပ်၍အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ်ကမ္ဘာ့အလယ်တွင်ရပ်တည်နေနိုင်ပြီဖြစ်သည်။ လွတ်လပ်ရေးရရှိထားပြီဖြစ်၍ အဆိုပါလွတ်လပ်ရေးကြီးပြန်လည်မဆုံးရှုံးစေရေးအတွက် နိုင်ငံအတွင်းမှီတင်းနေထိုင်သူအားလုံးက အသိတရားနှင့်သတိထားဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ကြရာတွင် မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးနေသည့် ပြည်သူ့စစ်မှုထမ်းတာဝန်များတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ သတ်မှတ်ထားသည့်အသက်အရွယ်နှင့်ကျန်းမာရေးကောင်းမွန်သူမှန်သမျှသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများတက်ရောက်ခြင်းဖြင့် သတ်မှတ်ကာလစစ်မှုထမ်းဆောင်ခြင်း ပြုကြရမည်မှာ တာဝန်တစ်ရပ်ဖြစ်သည်။

လူငယ်ဆိုသည်မှာစိတ်ဓာတ်တက်ကြွနေသည့်အရွယ်ဖြစ်ပြီး အရာရာကိုအောင်မြင်အောင်ကြိုးစားလိုစိတ်ရှိသူများဖြစ်သည်။ အထူးသဖြင့် ယှဉ်ပြိုင်လိုစိတ်ကြီးမားသူများဖြစ်သည်။ မိမိနှင့်သက်တူရွယ်တူ သူငယ်ချင်းတစ်ဦး တတ်မြောက်သည့်ပညာ၊ လုပ်ကိုင်နိုင်သည့်စွမ်းရည်ရှိနေလျှင်“ငါလည်း သူ့လိုဘာဖြစ်လို့မလုပ်နိုင်ရမှာလဲ” ဟူသောစိတ်ဓာတ်ရှိသူများဖြစ်သည်။ ထို့ကြောင့် မိမိပတ်ဝန်းကျင်မှလူငယ်များ ပြည်သူ့စစ်မှုထမ်းသင်တန်းကိုအောင်မြင်စွာတက်ရောက်ပြီးမြောက်လျှင် မိမိကရောဘာကြောင့် မတက်ရောက်နိုင်ရမှာလဲ ဟူသော အားမာန်ပြည့်ဝသည့်စိတ်ကို မွေးမြူရမည်ဖြစ်သည်။ အထူးသဖြင့် ပြည်သူ့စစ်မှုထမ်းသင်တန်းများတက်ရောက်ရန် သင်တန်းများဖွင့်လှစ်ခြင်း၊ သင်တန်းများပြီးမြောက်ခြင်းအခမ်းအနားများတွင် သူတို့ပြောကြားသည့်ရင်တွင်းစကားသံများကို သတင်းမီဒီယာများတွင် ကြားမြင်ဖတ်ရှုကြရသည်မှာ လွန်စွာအားရဖွယ်ကောင်းလှသည်။

ဆရာဇော်ဂျီဖွဲ့ဆိုခဲ့သည့် “ရှေးခေတ်ပုဂံပြည်” ကဗျာထဲက စာသားများကို မြင်ယောင်မိသည်။ ပုဂံခေတ်ကလူငယ်များ စစ်ပွဲတွေမှာအောင်လံတွေတလူလူလွှင့်ပြီး နေပြည်တော်ကိုပြန်ဝင်လာကြသည်။ တိုင်းသူပြည်သားများကအားရဝမ်းသာကြိုဆိုကြသည်။ အမေဖြစ်သူက သူ့သားကိုကြည့်ပြီး တအံ့တသြဖြစ်နေသည်။ ဤသည်ကို ဆရာဇော်ဂျီက **“လာစမ်းဟဲ့ မေ့သား၊ အမယ်မင်းထွားလိုက်တာ၊ စစ်သားကြီးလုံးလုံး ဗိုလ်မှူးကြီးရှုံးလောက်ရဲ့၊ ပခုံးနဲ့လက်ပြင် ကြောခြင်ကသံချောင်း၊ တစ်နှစ်တွင်းမှာ ချက်ချင်းပဲပြောင်းရော့၊ ကောင်းလိုက်ပေ့ မေ့သား၊ ဤဇမ္ဗူတစ်လူ့ရှားလောက်ရဲ့”** ဟူ၍ဖွဲ့ဆိုထားသည်မှာ တပ်မတော်သားဖြစ်ရခြင်းကို အလွန်ပင်ဂုဏ်ယူကြကြောင်း အထင်ကရပြဆိုနေခြင်းဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းသင်တန်းများသည် နိုင်ငံတော်၏အကျိုးအတွက်ဖြစ်သလို လူငယ်များ၏ကောင်းကျိုးအတွက်လည်းဖြစ်သည်။ လူငယ်ဆိုသည်မှာ စိတ်လွတ်ကိုယ်လွတ် နေထိုင်လေ့ရှိတတ်သည်။ စားချိန်မမှန်၊ အိပ်ချိန်မမှန် ဖြစ်တတ်သည်။ အပေါင်းအသင်းမှားယွင်းတတ်သည့်အခါ ဆေးလိပ်၊ အရက်မှ အစပြုကာ နောက်ဆုံးတွင် မူးယစ်ဆေးဝါး၏သားကောင်ဖြစ်ကာ ငယ်ငယ်ရွယ်ရွယ်နှင့် အသက်ဆုံးရှုံးသွားတတ်ကြသည်။ မိသားစုအတွက်၊ နိုင်ငံအတွက် မည်သည့်အတွက်မျှအကျိုးမရှိဘဲ အသက်ကိုဆုံးရှုံးခံလိုက်ကြရသည်မှာ လွန်စွာစိတ်မချမ်းမြေ့ဖွယ်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း သင်တန်းတက်ရောက်ပြီးသွားသည့်လူငယ်တို့မှာ ကိုယ်နေဟန်ထားမှအစအချိုးကျပြေပြစ်သွားသည်။ နေ့စဉ်အချိန်နှင့်အမျှ အချိန်ကိုတန်ဖိုးရှိစွာအသုံးပြုပြီး တပ်မတော်သားတစ်ယောက် တတ်သင့်တတ်ထိုက်သည့်ပညာရပ်များကို စာတွေ့လက်တွေ့သင်ကြားပေးခြင်းဖြင့် အဆိုပါလူငယ်တို့သည် ပုဂံခေတ်လူငယ်များကဲ့သို့ဖြစ်လာပေလိမ့်မည်။ မိမိတို့ကိုမွေးဖွားပေးလိုက်သည့်မိခင်များကိုယ်တိုင်က အံ့သြသောအကြည့်များနှင့်ကြည်နူးဝမ်းမြောက်စွာကြည့်နေပေလိမ့်မည်။

မြန်မာနိုင်ငံသည်တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော်နေထိုင်သည့်နိုင်ငံဖြစ်ပေရာ နိုင်ငံအတွက်အရေးကြီးဆုံးအချက်များမှာ “ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး” တို့ဖြစ်သည်။ အဆိုပါအချက်များကို ဒို့တာဝန်အရေးသုံးပါးဟူ၍ သတ်မှတ်ထားရှိသည်။ ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံသားတိုင်းလိုက်ပါစောင့်ထိန်းရမည်ဖြစ်သကဲ့သို့ တပ်မတော်သားတို့အတွက်လည်း အမျိုးသားနိုင်ငံရေးတာဝန်များဖြစ်သည်။ ဤသုံးပါးကိုကာကွယ်စောင့်ရှောက်ရန်တာဝန်ပျက်ကွက်နေလျှင်၊ ပေါ့လျော့နေလျှင် မြန်မာနိုင်ငံ၏လွတ်လပ်ရေးဆုံးရှုံးသွားမည်မှာအမှန်ဖြစ်သည်။ ရှေးကဘိုးဘွားတို့သည် “တို့ခေတ်ရောက်မှညံ့ကြတော့မှာလား ”ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ထားကာ ခပ်ညံ့ညံ့မဖြစ်ရေးကို သတိပေးလျက်ရှိကြသည်။

ယနေ့ကာလတွင်လက်ရှိရောက်ရှိနေသည့်လူငယ်များအနေဖြင့်လည်း တို့ခေတ်ရောက်မှတို့ညံ့နေသည့်အဖြစ်မျိုးကိုခံကြရမှာလား။ သူကပြည်သူ့စစ်မှုထမ်းအဖြစ် ခေါင်းမော့ရင်ကော့ကာ တာဝန်ကိုထမ်းဆောင်နိုင်လျှင် ငါကရောမထမ်းဆောင်နိုင်ဘူးလား။ ထမ်းဆောင်နိုင်ရမှာပေါ့၊ မင်းလည်းယောကျ်ား ငါလည်းယောကျ်ားပဲလေ၊ မင်းသတ္တိရှိရင် ငါလည်းသတ္တိရှိတာပေါ့ဟူသော စိတ်ဓာတ်ကိုမွေးမြူကြရမည်ဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းဆိုတာ မြန်မာနိုင်ငံတစ်နိုင်ငံတည်းကွက်ပြီးကျင့်သုံးနေသည့်စနစ်မဟုတ်ပေ။ နိုင်ငံတိုင်းလိုလိုက မိမိနိုင်ငံကာကွယ်ရေးအတွက် ကျင့်သုံးနေသည့်စနစ်တစ်ခုဖြစ်သည်။ နိုင်ငံတိုင်းမှာ ကျင့်သုံးသင့်သည့်စနစ်တစ်ခုလည်းဖြစ်သည်။

ဆိုရိုးစကားတစ်ခုတွင် “အန္တရာယ်ကိုကြောက်ရွံ့နေသူအတွက် အန္တရာယ်ဆိုသည်မှာအမြဲရှိနေပြီး မိမိကိုယ်ကိုစိတ်ဆင်းရဲအောင်ပြုနေမည်ဖြစ်သည်”ဟူ၍ဆိုထားသည်။ မဖြစ်မနေထမ်းဆောင်ရမည့်တာဝန်ကိုရှောင်လွှဲနေခြင်းမှာသူရဲဘောနည်းသည့်စိတ်ဓာတ်ဖြစ်သည်။ ရှက်စရာအလွန်ကောင်းသည့်စိတ်ဓာတ်ဖြစ်သည်။ ထို့ကြောင့်လူငယ်များအနေဖြင့် ပြည်သူ့စစ်မှုထမ်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရင်း နိုင်ငံနှင့်လူမျိုး၊ မိမိတို့မိသားစုအတွက် ဂုဏ်ယူဝင့်ကြွားနိုင်ကြရမည်ဖြစ်သည်။

နိုင်ငံတိုင်းတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေများရှိကြသည်။ အဆိုပါဥပဒေတွင် နိုင်ငံသားများအတွက် အခွင့်အရေးများအပြည့်အဝပေးထားသကဲ့သို့ ထမ်းဆောင်ရမည့်တာဝန်များကိုလည်း သတ်မှတ်ပြဋ္ဌာန်းထားကြသည်။ မြန်မာနိုင်ငံတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ခိုင်ခိုင်မာမာရှိထားသည်။ အဆိုပါဥပဒေတွင်လည်း နိုင်ငံသားများအခွင့်အရေးကိုသတ်မှတ်ထားသကဲ့သို့ ထမ်းဆောင်ရမည့်တာဝန်များကိုလည်း သတ်မှတ်ပေးထားသည်။

အဆိုပါပြဋ္ဌာန်းချက်များမှကောက်နုတ်ဖော်ပြရလျှင် “ပုဒ်မ ၃၈၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့်နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည်နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်။ ပုဒ်မ ၃၈၆။ နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်” ဟူ၍ဖြစ်သည်။ အဆိုပါ တာဝန်နှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် မိန့်ကြားခဲ့သောမိန့်ခွန်းကိုလည်း အထက်တွင် ကောက်နုတ်ဖော်ပြထားပြီးဖြစ်သည်။

လူငယ်အများအပြားလုပ်ဆောင်နိုင်သော နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို မိမိလည်းကျေပွန်စွာထမ်းဆောင်မည်ဟူသောလူငယ်တို့ကို နိုင်ငံတော်ကအားရဝမ်းသာကြိုဆိုလျက်ရှိသည်။ သင်တန်းတက်နေစဉ်ကာလတွင် လိုလေသေးမရှိအောင် စာမျက်နှာ ၂၇ သို့ ❐

# ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုး





**နေပြည်တော်  ဇွန်  ၆**

နေပြည်တော်အတွင်းရှိ ဟိုတယ်ဇုန်ဧရိယာများအတွင်း စိမ်းလန်းစိုပြည်စေရေး၊ အရိပ်အာဝါသကောင်းမွန်စေရေး၊ သစ်တောပြုန်းတီးမှုကိုကာကွယ်ထိန်းသိမ်းအထောက်အကူပြုနိုင်ရန်ရည်ရွယ်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ရုံးအမှတ်(၃၃) ပတ်ဝန်းကျင်၌ ကျင်းပသည်။

ဦးစွာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီး ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုဝင်များ ယာယီနေထိုင်လျက်ရှိသောနေရာများ၌ ဝန်ထမ်းများနှင့်မိသားစုဝင်များ၊ ဟိုတယ်များမှတာဝန်ရှိသူများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရုံးအမှတ်(၃၃)အနီးပတ်ဝန်းကျင်ရှိ ဝန်ထမ်းများ ယာယီနေထိုင်လျက်ရှိသော ဘာရှာတဲများအနီး သတ်မှတ်နေရာ၌ ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင် ကျွန်းပင်၊ မဟော်ဂနီပင်၊ ပျဉ်းကတိုးပင်နှင့် ယမနေပင်၊ ဆီသပြေပင်၊ စစ်ပင်၊ စိန်ပန်းပင်နှင့် ခရေပင်တို့ကို တစ်ပြိုင်တည်း စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ မြဝတီ

## မိုးလေဝသ သတင်း




# Modular House များ တပ်ဆင်တည်ဆောက်ပြီးစီးမှုနှင့် အသစ်ထပ်မံရောက်ရှိလာမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော်  ဇွန်  ၆**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူးနှင့် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်တို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရုံးအမှတ်(၁၄) ဧရိယာအတွင်း ငလျင်ဒဏ်သင့်ခဲ့သည့် ဝန်ထမ်းနှင့်ဝန်ထမ်းမိသားစုများ ယာယီနေထိုင်နိုင်ရေးအတွက် အိပ်ခန်းနှစ်ခန်းပါ Modular House များ တပ်ဆင်တည်ဆောက်ပြီးစီးမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ်လျှပ်စစ်မီးများ သွယ်တန်းထားရှိမှု၊ သုံးရေသွယ်တန်းမှုနှင့် မိလ္လာများ တည်ဆောက်မည့်နေရာများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအမြန်ပြီးပြတ်အောင် ဆောင်ရွက်ရန်နှင့်မိသားစုများအား စနစ်တကျခွဲဝေနေရာချထားပေးပြီး အမြန်ဆုံးပြောင်းရွှေ့နေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် အသစ်ထပ်မံရောက်ရှိလာသည့် Modular House ပစ္စည်းများ ကွန်တိန်နာပေါ်မှသယ်ချနေမှုကို ကြည့်ရှုပြီး လုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော်တပ်ဆင်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးဝန်ထမ်းများ၏ သားသမီးများအား ပညာသင်စရိတ်ပေးအပ်

**ရန်ကုန်  ဇွန်  ၆**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးဝန်ထမ်းများ၏ အခြေခံပညာကျောင်းနေအရွယ် သားသမီးများ ဒုတိယအကြိမ် ပညာသင်စရိတ်ပေးအပ်သည့် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ကော်မရှင်ရုံး၌ပြုလုပ်ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးဝန်ထမ်းများနှင့် ဝန်ထမ်းများ၏ အခြေခံပညာကျောင်းနေအရွယ်သားသမီးများ တက်ရောက်ကြသည်။

ဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ဝန်ထမ်းများအနေဖြင့် သားသမီးများအတွက် ပညာအမွေပေးနေကြခြင်းကို ကော်မရှင်ကကူညီပံ့ပိုးပေးခြင်းဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အမိနိုင်ငံတော်၏ ကျေးဇူးတရားကို သိရှိနားလည်ပြီး ပညာစွမ်းရည်ဖြင့် နိုင်ငံတော်ကို ပြန်လည်အလုပ်အကျွေးပြုနိုင်မည့် သားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်လာကြစေရန် ကြိုးစားစေလိုကြောင်း ပြောကြားသည်။

ထို့နောက်ကော်မရှင်ဥက္ကဋ္ဌနှင့်ကော်မရှင်အဖွဲ့ဝင်များက ကော်မရှင်ရုံးဝန်ထမ်းများ၏ အခြေခံပညာကျောင်းနေအရွယ်သားသမီး ၁၇ ဦးကို ပညာသင်စရိတ်များ ပေးအပ်ခဲ့ရာ ကျောင်းသားမိဘ ဝန်ထမ်းတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်းသိရသည်။

မြဝတီ







**ပျောက်ဆုံးကြောင်း**

တက်နေအောင်(ဘ)ဦးမောင်ရွှေမှိုင်း ၁၁/မအန(နိုင်)၀၁၂၅၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၁၁၃၃၆၇၀

**ပျောက်ဆုံးကြောင်း**

ယင်းမာဆွေလှိုင်(ဘ)ဦးသောင်းလှိုင် ၅/မရန(နိုင်)၁၅၉၈၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ကြည်ကြည်ဝင်း(ဘ)ဦးစိုးမြင့် ၉/ကပတ(နိုင်)၂၂၈၈၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 901268)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ဝင်းလဲ့လဲ့မူ(ဘ)ဦးသူရိန် ၉/ပကခ(နိုင်)၀၀၃၃၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၀၆၉၄၄၇၈

**ပျောက်ဆုံးကြောင်း**

စိန်မောင်လွင်(ဘ)ဦးရွှေအောင် ၅/ဟမလ(နိုင်)၀၇၁၂၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၁၇၆၀၆၁၇

**ပျောက်ဆုံးကြောင်း**

ဌေးကျော်(ဘ)ဦးတင်ရွှေ ၈/ရစက(နိုင်)၁၁၉၁၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 139980)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၆၆၇၁၃၈၈

**ပျောက်ဆုံးကြောင်း**

သွင်ဇာမောင်(ဘ)ဦးသိန်းဟံ ၁၂/ရကန(နိုင်)၀၆၆၈၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၇၂၉၉၉၄၅

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမည် |
|---|---|---|
| ၁ | ၁၁၉/မမ/CE | Grooved Rubber Pad (China) 114,000 Nos ဝယ်ယူရန် |
| ၂ | ၁၂၀/မမ/CME(MIT) | Air con: ပါ အထက်တန်းလူစီးတွဲ(လေအိတ်ဘိုဂီ)(၃)တွဲနှင့် Air con: မပါ ရိုးရိုးတန်းလူစီးတွဲ(လေအိတ်ဘိုဂီ)(၂)တွဲ အသစ်တည်ဆောက်ခြင်းအတွက် လိုအပ်သောပစ္စည်း(၈၁၀)မျိုးဝယ်ယူရန် |
| ၃ | ၁၂၁/မမ/S & T | ရန်ကုန်မြို့ပတ်ရထားလမ်းတစ်လျှောက်ရှိ အဆင့်မြှင့်တင်ပြီးသော အချက်ပြနှင့်ဆက်သွယ်ရေးစနစ်ကြံ့ခိုင်ထိန်းသိမ်းရေးဆောင်ရွက်ခြင်းလုပ်ငန်း |
| ၄ | ၁၂၂/မမ/CE | **တိုင်းအမှတ်(၇)ရန်ကုန်**<br>မလွှကုန်းစက်ခေါင်းစက်ရုံအတွင်း DEMU စက်ခေါင်းများထားရန် DEMU Pit ကျင်းအပေါ်(၃၈၀ ပေ) အမိုး၊ အကာတည်ဆောက်ခြင်း |
| ၅ | ၁၂၃/မမ/CE | **မလွှကုန်းဘူတာယာဒ်ဝင်းအတွင်း အခန်း(၂၀)အပါ ဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ(၅)ထပ်**<br>(တိုက်အမှတ်-၄)တည်ဆောက်ခြင်း(ရေ၊ မီး၊ မိလ္လာအပါအဝင်)(15755 Sft)[Pile 12" x 12")(၁၃၆)လုံး၊ ဂါလန်(၃၀၀၀၀)Ground Tank, 6"Ø Tube Well, Pump House, ဂါလန်(၅၀၀၀) Ground Tank, 50 Person Septic Tank(၂)လုံးနှင့် External Sewage Line အပါ]<br>(နှစ်ဆက်လုပ်ငန်း) |
| ၆ | ၁၂၄/မမ/CE | **မလွှကုန်းဘူတာယာဒ်ဝင်းအတွင်း အခန်း(၂၀)အပါ ဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ(၅)ထပ်**<br>(တိုက်အမှတ်-၅)တည်ဆောက်ခြင်း(ရေ၊ မီး၊ မိလ္လာအပါအဝင်)(15755 Sft)[Pile 12" x 12")(၁၃၆)လုံး၊ ဂါလန်(၅၀၀၀)Ground Tank, 50 Person Septic Tank(၂)လုံးနှင့် External Sewage Line အပါ]<br>(နှစ်ဆက်လုပ်ငန်း) |
| ၇ | ၁၂၅/မမ/CE | **မလွှကုန်းဘူတာယာဒ်ဝင်းအတွင်း အခန်း(၂၀)အပါ ဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ(၅)ထပ်**<br>(တိုက်အမှတ်-၆)တည်ဆောက်ခြင်း(ရေ၊ မီး၊ မိလ္လာအပါအဝင်)(15755 Sft)[Pile 12"x 12")(၁၃၆)လုံး၊ ဂါလန်(၅၀၀၀)Ground Tank, 50 Person Septic Tank(၂)လုံးနှင့် External Sewage Line အပါ]<br>(နှစ်ဆက်လုပ်ငန်း) |
| ၈ | ၁၂၆/မမ/CE | **မလွှကုန်းဘူတာယာဒ်ဝင်းအတွင်း အခန်း(၂၀)အပါ ဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ(၅)ထပ်**<br>(တိုက်အမှတ်-၇)တည်ဆောက်ခြင်း(ရေ၊ မီး၊ မိလ္လာအပါအဝင်)(15755 Sft)[Pile 12"x 12")(၁၃၆)လုံး၊ ဂါလန်(၅၀၀၀)Ground Tank, 50 Person Septic Tank(၂)လုံးနှင့် External Sewage Line အပါ]<br>(နှစ်ဆက်လုပ်ငန်း) |
| ၉ | 12(T)18/MR(ML/NPT)/ Kyat/25–26 | စက်ပစ္စည်း(၅၇)မျိုး ဝယ်ယူရန် |

တင်ဒါပိတ်မည့်နေ့/အချိန် - အမှတ်စဉ်(၁)(၂၀-၆-၂၀၂၅)နေ့လယ်(၂:၃၀)နာရီ
အမှတ်စဉ်(၂)မှ(၉)အထိ(၇-၇-၂၀၂၅)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၆-၆-၂၀၂၅)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း 294352, 291994**

## ဓာတ်မြေသြဇာ ဖြန့်ဖြူးဈေးနှုန်းယှဉ်ပြိုင်စနစ်ဖြင့် တင်သွင်းနိုင်ရေးအတွက် ကြေညာခြင်း

၁။ ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏လမ်းညွှန်မှုဖြင့် အရည်အသွေးပြည့်ဝပြီး ဈေးနှုန်းမှန်ကန်သော ယူရီးယားနှင့် ၁၅ ပတ်လည်ကွန်ပေါင်းဓာတ်မြေသြဇာများ တင်သွင်းနိုင်ရေးအတွက် မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းအနေဖြင့် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ၊ ဩဂုတ်လနှင့် စက်တင်ဘာလများအတွက် အဆိုပါဓာတ်မြေသြဇာများတင်သွင်းနိုင်ရေးကို ဖြန့်ဖြူးဈေးနှုန်းယှဉ်ပြိုင်စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ဖြန့်ဖြူးဈေးနှုန်းယှဉ်ပြိုင်စနစ်ဖြင့် ယူရီးယားနှင့် ၁၅ ပတ်လည်ကွန်ပေါင်းဓာတ်မြေသြဇာများ တင်သွင်းလိုသောအသင်းဝင်ကုမ္ပဏီများအနေဖြင့် ဦးဆောင်ကော်မတီနှင့် အသင်း၏အောက်ပါ email များသို့ ပေးပို့၍ ၁၈-၆-၂၀၂၅ ရက်နေ့ထက် နောက်မကျစေဘဲ ဆက်သွယ်လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

info@mfspea.com, vicepresident–1@mfspea.com,
vicepresident–2@mfspea.com,
generalsecretary@mfspea.com, ureacommittee@gmail.com

**မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း**

### ပျောက်ဆုံးကြောင်း
နှင်းသက်ဝေ(ဘ)ဦးတင်မောင် ၁၁/မပတ(နိုင်)၁၀၁၂၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
စည်သူဇော်(ဘ)ဦးအောင်နိုင်ဦး ၁၂/ရပသ(နိုင်)၁၂၀၅၆၃ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ချမ်းမြေ့ငြိမ်း(ဘ)ဦးသန်းဌေး ၁၂/ဥကမ(နိုင်)၂၁၃၆၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ဇော်မင်းကို(ဘ)ဦးငွေစိုး ၇/မလန(နိုင်)၁၄၀၁၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၃၆၃၄၇၇၉

### ပျောက်ဆုံးကြောင်း
ဒေါ်လှခိုင်(ဘ)ဦးကြည်စိန် ၁၂/ကမန(နိုင်)၀၈၅၇၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၁၇၃၉၃၃၃

### ပျောက်ဆုံးကြောင်း
ဦးသာအောင်(ဘ)ဦးအောင်ဒွေး ၆/ကသန(နိုင်)၀၁၀၆၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၂၀၆၂၄၄၅

### မတည်ငွေရင်းနှင့်အစုရှယ်ယာများလျှော့ချပြီးဖြစ်ပါကြောင်းကြော်ငြာခြင်း
ကျွန်တော်များ ခန့်သုဝလ္လာအသေးစားငွေရေးကြေးရေးကုမ္ပဏီ၏ အစုရှယ်ယာသိန်းငါးထောင့်ငါးရာငါးဆယ်(၁ သိန်းတန်အစုရှယ်ယာ ၅၅၅၀ စု)မှ အစုရှယ်ယာတစ်ထောင့်ငါးရာငါးဆယ်(၁ သိန်းတန်အစုရှယ်ယာ ၁၅၅၀ စု)သို့ လျှော့ချပြီးဖြစ်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။
**ခန့်သုဝလ္လာအသေးစားငွေရေးကြေးရေးကုမ္ပဏီလီမိတက်**

### အမည်ပြောင်း
တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ အုန်းပင်ကွင်းကျေးရွာနေ အဘ ဦးဝင်းကိုနိုင် ၈/မသန(နိုင်)၁၁၂၈၉ ၏သား မောင်ခိုင်မင်းဦးအား မောင်အေးချမ်းမောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မောင်အေးချမ်းမောင်**

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
## ရုံးသုံးစက်ကိရိယာပစ္စည်းများနှင့် အခြားရုံးသုံးပစ္စည်းများ
## ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတို့တွင် လိုအပ်သည့် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) Light Box For Backdrop(1 No)
(ခ) Solar System(3 Sets)
(ဂ) Solar System(5 KVA)(4 Sets)
(ဃ) Network Cable Line များကို Networking Equipment ပြုလုပ်ခြင်း(1 Lot)
(င) Firewall (Next Gen Firewall)(1 No)
(စ) ရုပ်တု(ကျား၊ မ)(30 Sets)

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - (၉-၆-၂၀၂၅ ရက်မှ ၂၄-၆-၂၀၂၅ ရက်အထိ)
၀၉:၃၀ နာရီမှ ၁၆:၀၀ နာရီ(ရုံးချိန်အတွင်း)

၃။ တင်ဒါလျှောက်လွှာလက်ခံမည့်ရက် - (၉-၆-၂၀၂၅ ရက်မှ ၂၇-၆-၂၀၂၅ ရက်အထိ)
၀၉:၃၀ နာရီမှ ၁၆:၀၀ နာရီ(ရုံးချိန်အတွင်း)

၄။ တင်ဒါပုံစံများလာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏မှတ်ပုံတင်ကတ်ပြား(သို့မဟုတ်)လုပ်ငန်းလိုင်စင်မိတ္တူတင်ပြရမည်။ တင်ဒါလျှောက်လွှာပုံစံများကို ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့်ဘဏ္ဍာရေးဌာနခွဲ၊ ပြည်ထောင်စုဝန်ကြီးရုံး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်သို့ လာရောက် ဝယ်ယူ /တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ အိတ်ဖွင့်တင်ဒါစည်းမျဉ်းစည်းကမ်းနှင့် တင်ဒါခေါ်ယူသည့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်းအမှတ် ၀၆၇-၃၄၀၉၄၉၇၊ ၀၆၇-၃၄၀၉၅၅၀ တို့တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးနှင့်လက်ခံရေးကော်မတီ**
**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**

### ဖခင်အမည်မှန်
ပဲခူးမြို့၊ အ.ထ.က(၂)ကျောင်း၊ Grade-5(A)မှ မောင်ဘုန်းမြတ်အောင်၏ ဖခင်အမည်မှန်မှာ ဦးရန်နိုင်အောင်ဖြစ်ပါကြောင်း။
**ဦးရန်နိုင်အောင်**

### အမည်ပြောင်း
အဘဦးဇော်ဖြိုးဝေ၏သမီး ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့၊ အ.ထ.က ပထမတန်း(A)မှ မရတီရှင်းသန့်အား မရွှန်းသဒ္ဒါအိမ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မရွှန်းသဒ္ဒါအိမ်**

### ပျောက်ဆုံးကြောင်း
သက်နောင်လင်း(ဘ)ဦးခင်မောင်ဦး ၉/စကန(နိုင်)၀၉၉၇၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ခင်ဥမ္မာဝင်း(ဘ)ဦးတင်ဝင်း ၁၁/ရဗန(နိုင်)၀၆၃၆၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 460216)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၆၅၀၃၇၇၉

### ပျောက်ဆုံးကြောင်း
ဇင်မျိုးထက်(ဘ)ဦးဆန်းညွန့် ၇/အတန(နိုင်)၁၁၀၇၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၉၈၀၄၅၇၆

### ပျောက်ဆုံးကြောင်း
ဒေါ်စိန်ပု(ဘ)ဦးကျော်ရှိန် ၁၀/ဘလန(နိုင်)၀၄၆၆၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
သဲသဲဇင်(ဘ)ဦးသောင်းလှိုင် ၉/မခန(နိုင်)၂၈၉၇၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုင်းတုံမြို့၊ လွိုင်မွေကျေးရွာနေ အဘဦးချစ်လှ၏သား ဦးရန်နိုင်ချစ်လှ ၁၀/ကထန(နိုင်)၀၉၆၃၈၄ နှင့် ဦးရန်နိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးရန်နိုင်ချစ်လှ(ခ)ဦးရန်နိုင်**

### ပျောက်ဆုံးကြောင်း
မောင်ထိန်လင်း(ဘ)ဦးတင်ဟန် ၁၀/ရမန(နိုင်)၀၀၁၂၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
နန်းနီလာမြင့်(ဘ)ဦးရဲမြင့် ၅/ကလထ(နိုင်)၀၀၀၄၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၀၅၂၉၃၄

### ပျောက်ဆုံးကြောင်း
ကျော်ဇင်လတ်(ဘ)ဦးမြင့်စိုး ၁၂/ခရန(နိုင်)၁၃၁၉၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၃၆၁၁၂၄၇

### ပျောက်ဆုံးကြောင်း
နန်းခမ်းစိန်(ဘ)ဦးထီးဆိုင် ၁၃/နခန(နိုင်)၀၁၈၈၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၆၆၁၅၅၈၀

### ပျောက်ဆုံးကြောင်း
ဒေါ်ချစ်(ဘ)ဦးဖိုးထင် ၁၂/ဥကမ(နိုင်)၀၀၉၁၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၃၅၃၀၀၂၀

### ပျောက်ဆုံးကြောင်း
ခင်အောင်(ဘ)ဦးကိန်း ၁၀/မလမ(နိုင်)၀၀၂၆၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၂၈၈၂၆၁၇၁

### ပျောက်ဆုံးကြောင်း
အောင်တိုး(ဘ)ဦးကျင်မောင် ၁၂/ဒဂတ(နိုင်)၀၅၄၂၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၃၈၉၇

### ပျောက်ဆုံးကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ စကားဝါလမ်း၊ အမှတ်(၃၆)နေ မောင်စိုးနိုင်(ဘ)ဦးသန်းအောင် ၁၄/ပသန(နိုင်)၁၄၆၉၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၈၆၆၆၄၄၆

### ပျောက်ဆုံးကြောင်း
ဖြေရယ်မောင်(ဘ)ဦးမောင်မောင် ၂/လကန(နိုင်)၀၀၂၈၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၉၂၂၈၁၂၃

### ပျောက်ဆုံးကြောင်း
တင်အောင်စိုး(ဘ)ဦးစိုးသိန်း ၁၂/ရပသ(နိုင်)၀၄၅၀၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၈၉၁၆၈၆၁

### ပျောက်ဆုံးကြောင်း
ကြည်ကြည်အောင်(ဘ)ဦးသိန်းအောင် ၇/လပတ(နိုင်)၁၃၁၂၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၃၆၆၇၇၈၀

